
မောင်နှင်းဆွေ
ဓားသမားရဲ့ လွှမ်းမုံပြင်

# အခန်း (၁)

ထင်ဝူကျိသည် မိဘမဲ့ကလေးတစ်ဦး ဖြစ်၏ ။ ကျန့်စန်းတောင်သို့ ရောက်ရှိလာပြီး ကတည်းက သူ၏ မိဘများ ဘယ်သူဘယ်ဝါဖြစ်သည်ကို ပြောနိုင်သူမရှိပေ။ ထင်ဝူကျိ၏ ဘယ်ဘက် လက်တစ်ဖက်မှာ အကြောဆိုင်းနေပြီး ညာခြေထောက်တစ်ချောင်းမှာလည်း လှမ်းလျှောက်သောအခါ နိမ့်၍ သွားတတ်၏ ။

ကျန့်စန်းတောင်တွင် ထင်ဝူကျိအားထားစရာဟူ၍ ချင်တောက်ဟူတို့ သားအဖသာ ရှိသည်။ ချင်တောက်ယူတို့သားအဖမှာလည်း ဆင်းဆင်းရဲရဲကြားမှပင် ထင်ဝူကျိလေးကို လက်ခံကျွေးမွေး ထားရခြင်း ဖြစ်၏ ။

ချင်တောက်ဟူ၏ သမီး ယုမုံမှာ ထင်ဝူကျိကို အားပေးစကား အမြဲပြောကြားတတ်သည်။

“သိပ်လည်း စိတ်ညစ်ခံမနေပါနဲ့ဟာ။ တစ်နေ့တော့ နင့်မိဘတွေ ဘယ်သူဘယ်ဝါဆိုတာ ပြောနိုင်တဲ့သူ တစ်ယောက်တော့ ရှိမှာပါ”

ယုမုံ တောင်စောင်းတွင် ထိုင်ကာ တွေးတောစဉ်းစားနေသော ထင်ဝူကျိကို ပြောလိုက်သည်။

“ငါ့မိဘတွေက ဘာဖြစ်လို့ ငါ့ကိုတစ်ယောက်တည်း လောကမှာ ထားခဲ့ရတာ လဲဆိုတာ စဉ်းစားလို့မရဘူး။ ပြီးတော့ ငါ့လို မစွမ်းမသန်တစ်ယောက်ဟာ လောကမှာ ဘာလို့လာပြီး အသက်ရှင်နေရတာ လဲ”

ထင်ဝူကျိက ထုံးစံအတိုင်း စိတ်ပျက်သံဖြင့် ပြောကြားလိုက်သည်။

"တော်ပါဟယ်..နင် ပြောလိုက်ရင် ဒါမျိုးချည်းပဲလား..ငါ မက်မုံသီး သွားခူးမလို့ လိုက်မလား"

"မလိုက်တော့ရော ငါက ဘာထိုင်လုပ်နေရမှာလဲ"

"အေး..ဒါဆိုလည်း လာ.. နင့်ကို ကြည့်လိုက်ရင် ထိုင်းထိုင်းမှိုင်းမှိုင်းချည်းပဲ"

ယုမုံက စိတ်မရှည်သလိုပြောရင်း ရှေ့မှ ထွက်ခွာသွားလေသည်။ ထင်ဝူကျိ ည် လေးဖင့်သော ခြေလှမ်းများဖြင့် ယုမုံ၏ နောက်သို့ လိုက်ပါသွားလေသည်။ ယုမုံသည် မက်မုံသီးခူးရန်အတွက် တောင်းတစ်လုံးကို လက်တစ်ဖက်နှင့်ကိုင်ကာ တံချူတစ်ခုကိုလည်း ယူလာခဲ့သည်။

"ငါ လိုက်သာလာရတယ်..ဒီနေ့ ငါ့စိတ်ထဲမှာ ထင့်ထင့်ကြီး ဖြစ်နေတယ် ယုမုံ"

"နင်က အမြဲတမ်း အဲဒီ လိုပဲ ပြောနေတာပဲ..နင်ကံကြမ္မာဆိုးတွေကို ကြိုပြီး မျှော်လင့်တတ်တဲ့သူပဲ"

"ဘာဖြစ်လို့လဲ"

"သိပ်ပူပန်တွေးတောတဲ့လူတွေဟာ အမြဲဒုက္ခရောက်နေတယ်လို့ ဖေဖေက ပြောဖူးတယ်"

ယုမုံက တံချူကို ဝှေ့ယမ်းရင်းဖြင့် ပြောဆိုလိုက်လေသည်။

"အေးလေ..နင်ပြောတာလည်း မှန်ချင်မှန်မှာပေ့ါ၊ ဒါပေမယ့် ငါ့စိတ်တွေ ထင့်နေတာတော့ အမှန်ပဲ"

"လာပြန်ပြီ"

"ကဲ..အချိန်မရှိဘူး ထင်ဝူကျိ..သစ်သီးကို အချိန်မီခူးပြီး မပို့နိုင်ရင် ခြံပိုင်ရှင်ကျောက်ထန်း ရှန်က ငြိုငြင်နေဦးမယ်"

ယုမုံက စိတ်ပူသံဖြင့် ပြောလိုက်သည်။ ယုမုံတို့သားအဖသည် ကျောက်ထန်းရှန်ခြံထဲတွင် တဲတစ်လုံးထိုးကာ နေထိုင်ကြရသူများ ဖြစ်သည်။

ခြံထဲမှ သစ်သီးများကို ခူးကာ ဈေးသို့ပို့ရန်အတွက် ကျောက်ထန်းရှန်၏ အိမ်ကြီးသို့ နံနက်ပိုင်း ထမင်းစားချိန်မရောက်မီ ပို့ရလေသည်။ ခြံပိုင်ရှင် ကျောက်ထန်းရှန်မှာ သစ်သီးခူးသော အလုပ်အတွက် ချင်တောင်ဟူတို့ သားအဖကို နေစရာပေးထားခြင်း ဖြစ်သည်။

ထင်ပူကျိမှာ ကျောက်ထန်းရှန်၏ ခြံထဲတွင် ချင်တောင်ဟူက လက်ခံထား၍ နေရခြင်း ဖြစ်သည်။ သို့သော် ချင်တောင်ဟူမှာ ကျောက်ထန်းရှန်၏ အမိန့်ကို လွန်ဆန်မဲ့သူမဟုတ်ပေ။

ကျောက်ထန်းရှန်တွင် သားသုံးယောက် ရှိသည်။

သားသုံးယောက်တွင် အကြီးဆုံးဖြစ်သော ကျောက်ထုံက သဘောကောင်း၍ ကျောက်ယိနှင့် ကျောက်ချင်းမိန်တို့မှာ စိတ်သဘောထား မကောင်းကြပေ။

သူတို့ညီအစ်ကို သုံးယောက်သည် ခြံထဲတွင် ဆော့ကစားနေလေ့ရှိ၍ သစ်သီးလာခူးသော ယုမုံနှင့် ထင်ပူကျိတို့ကို အနိုင်ကျင့်တတ်လေ့ရှိသည်။ ယုမုံမှာ မိန်းကလေးဖြစ်၍ သည်းခံ၍ နိုင်သော်လည်း ထင်ပူကျိမှာ မကြာခဏ မခံချိမခံသာ ဖြစ်သည်။

သူ၏ ဘယ်ဘက်လက်တစ်ဖက်နှင့် ယာခြေထောက်သာ သန်စွမ်းပါက ကျောက်ယိနှင့် ကျောက်ချင်းမိန်တို့ကို တုန့်ပြန်တိုက်ခိုက်မိမည်ဖြစ်သည်။ သို့သော် ယခုတော့ မစွမ်းမသန်ဖြစ်နေ၍ သူတို့ကို အံမတုရဲပေ။ အံတုလျှင်လည်း မချိမဆန့် ခံစားရအောင် ညီအစ်ကိုနှစ်ယောက်က နှိပ်စက် ညှဉ်းပန်းကြမည်ကို ထင်ပူကျိ ကြိုတင်၍ သိမြင်ထားပေသည်။

မက်မုံပင်များရှိရာသို့ ရောက်သည်နှင့် ဘောင်းကိုချကာ ယုမုံက

တံချူဖြင့် သစ်သီးများကို ခူးနေလေသည်။ ထင်ဝူကျိသည် အနိမ့်ပိုင်းတွင် သီးသော မက်မုံသီးမှ အသီးများကို ဆွတ်ကာ တောင်းထဲသို့ လှမ်း၍ ပစ်ထည့်နေလေသည်။

သူသည် တောင်းထဲသို့ မက်မုံသီးပစ်ထည့်ခဲ့သော အကျင့်မှာ ရက်အကြာခဲ့ပြီဖြစ်၍ လက်မှန်းတန်းနေလေသည်။ တောင်းထားသော နေရာကို သူသည် တစ်ချက်ကြည့်လိုက်ပြီး မက်မုံခင်းထဲသို့ သစ်သီးများ တစ်လုံးပြီး တစ်လုံး ပစ်ကျလာသည်။

မက်မုံပင်များဖြင့် ကွယ်နေသည့် ယုမုံ၏ တောင်းထဲသို့ မည်သည့်နေရာကမှန်းမသိသော ထင်ဝူကျိ ပစ်သွင်းလိုက်သည့် သစ်သီးများမှာ မကြာခဏ ကျလာနေလေသည်။

"ထင်ဝူကျိ..နင် တော်တော်လက်တည့်နေပါလား"

ယုမုံက လှမ်း၍ အော်လိုက်သည်။

"ငါက နေ့တိုင်း ဒီလိုပဲ သစ်သီးခူးနေတော့ လက်တည့်တာပေါ့ ယုမုံရဲ့။ နင်ရော ငါ့လို လေ့ကျင့်ပါလား"

"အို..တောင်းဘေးကျလို့ ကွဲထွက်သွားရင် ငါ အဆူခံနေရပေါ့မယ် မလုပ်ရဲပါဘူး"

ခြံထဲမှ လူမမြင်ရဘဲ စကားပြောနေသော ထင်ဝူကျိကို ယုမုံက ပြန်ပြောလိုက်သည်။

"နင်ကလည်း ကြောက်တတ်လိုက်တာဟာ။ တစ်လုံးတစ်လေကျတော့လည်း ချောက်ထဲပစ်ချလိုက်တာပေါ့"

မက်မုံခင်း၏ အဆုံးတွင် နက်ရှိုင်းသော ချောက်ကြီးတစ်ခုရှိသည်။ မည်မျှနက်ရှိုင်း၍ ချောက်ကြီးထဲတွင် မည်သည့်အရာရှိသည်ကို ထင်ဝူကျိ မသိပေ။

"ငါ တစ်နေ့နေ့တော့ ဒီချောက်ထဲကို ဆင်းကြည့်ဦးမယ်။

အောက်မှာတော့ စိတ်ဝင်စားစရာရှိမှာပဲ”

ထင်ပူကျိုက ယုမုံကို ထိုကဲ့သို့ ပြောကြားဖူးသည်။ ချောက်ကမ်းပါးနှစ်ဘက်တွင် ကပ်၍ ပေါက်နေသော သစ်ပင်ချုံနွယ်များကြောင့် အောက်ခြေသို့အပေါ်မှ လှမ်း၍ မမြင်ရပေ။

“နင် ဘာသိလို့လဲ၊ အဲဒီ ချောက်ထဲမှာ တစ္ဆေသရဲတွေ ရှိတယ်လို့ ပြောဖူးတယ်ဟ”

“ငါ မယုံပါဘူး”

ထင်ပူကျိုက အထက်ပါအတိုင်း ပြန်ပြောခဲ့ဖူးလေသည်။ ယုမုံကတော့ ထင်ပူကျို ခူးသလိုမျိုး သစ်သီးမခူးရဲပါ။ ယုမုံသည် သစ်သီးများကို ကူ၍ ခူးပေးနေသော ထင်ပူကျို၏ မြန်ဆန်မှုကြောင့် တစ်ခဏအတွင်း တောင်းတစ်လုံး ပြည့်သွားလေသည်။

ထင်ပူကျိုကို ဆက်၍ မခူးရန် ပြောမည်ဟု ကြံလိုက်စဉ်မှာပင် ထင်ပူကျိုက သူ့ရှေ့သို့ ဘွားခနဲ ရောက်လာသည်။

“ဟင်..ထဝ သစ်သီးတွေ တောင်းထဲမှာ ပြည့်သွားတာ နင် ဘယ်လိုသိသလဲ”

“သိတာပေ့ါဟ..ငါ ပစ်ထည့်လိုက်ရင် လက်ထဲမှာ တစ်မျိုးဖြစ်သွားတာ”

“နင်က အံ့သြစရာပဲ”

“ဘာများ အံ့သြစရာရှိလဲ၊ ပစ်နေကျဆိုရင် ကိုယ် ပစ်လိုက်တဲ့ သစ်သီးက တောင်းထဲကို ဘယ်လိုကျသွားတယ်ဆိုတာ စိတ်နဲ့မှန်းပြီး ပစ်ကြည့်ရင် သိတာပေ့ါ”

“အို..ကြံကြံဖန်ဖန် မျက်လုံးနဲ့ မြင်ရတာ မှ မဟုတ်ဘဲ”

“အခု ငါ ထွက်လာတာ မတွေ့ဘူးလား၊ သစ်သီးတောင်း ပြည့်တာကို ငါ သိလို့ပေ့ါ”

ထင်ဝူကျိုနှင့် ယုမုံတို့ စကားပြောနေစဉ်မှာပင် နောက်ဘက်မှ ခြေသံကြားလိုက်ရသည်။

"ယုမုံလားဟေ့..ဘာလို့စကားပြောနေတာလဲ၊ သစ်သီးခူးစရာရှိတာ ခူးလေ"

"တောင်းပြည့်သွားပါပြီ"

ကျောက်ထန်းရှန်၏ သားကြီး ကျောက်ထုံအသံမှန်းသိ၍ ယုမုံက ပြန်ဖြေလိုက်သည်။

"နင် သစ်သီးခူးတာ မြန်လှချည်လား၊ ခုမှ နေထွက်ကာစ ရှိသေးတယ်"

"ထင်ဝူကျို ကူးပြီးခူးပေးလို့ပါ"

"ဪ..ကောင်းပါတယ်၊ နင်တို့ သူ့လိုကောင် မွေးထားရတာ အလကားမဖြစ်ဘူးပေါ့"

"ကျွန်မနဲ့ ဖေဖေက မခိုင်းပါဘူး။ သူ့ဟာသူ ခူးပေးနေတာပေါ့"

ကျောက်ထုံက ခေါင်းညိတ်လိုက်သည်။

"ကဲ..နင်တို့ သစ်သီးခူးပြီးရင် ပြန်ချင်ပြန်၊ ငါ့ညီ နှစ်ယောက် ဒီမှာ လာကစားကြလိမ့်မယ်။ တော်ကြာ နင်တို့ကို တွေ့လို့ ဟိုဟာခိုင်း ဒီဟာခိုင်း လုပ်ခိုင်းနေဦးမယ်"

"ဟုတ်ကဲ့."

ဖခင်က မက်မုံသီးခူးသူများကို လိုက်လံစစ်ဆေးရန် ခိုင်းစေထား၍ ထွက်လာခဲ့သော ကျောက်ထုံမှာ အခြားအခင်းများမှ လူများကို စစ်ဆေးရန် ထွက်သွားသည်။

"လာ..ယုမုံ တို့ မြန်မြန်သွားကြတာ ကောင်းမယ်။ တော်ကြာ

ဟိုကောင်နှစ်ကောင် လာရင် အနှောင့်အယှက်ဖြစ်နေမယ်”

ယုမုံ၏ သစ်သီးတောင်းကို ခေါင်းပေါ်သို့ရွက်ပေးလိုက်ရင်း ထင်ဂူကျိုက ပြောလိုက်သည်။ ယုမုံကို တောင်းကူ၍ မပေးနေစဉ်မှာပင် ကျောက်ယီနှင့် ကျောက်ချင်းမိန်တို့ ရောက်လာကြသည်။

ကျောက်ယီနှင့် ကျောက်ချင်းမိန်တို့မှာ ဆယ်နှစ်အရွယ်ခန့်မျှသာရှိ၍ ထင်ဂူကျိုနှင့် အရွယ်မတိမ်းမယိမ်းပင် ဖြစ်သည်။

“ဟေ့ကောင် ဒုက္ခိတ..ခဏနေပါဦး”

ထင်ဂူကျိုကို တွေ့သည်နှင့် ကျောက်ချင်းမိန်က ရင်ဘတ်ကိုတွန်းကာ တားလိုက်သည်။ သူတို့လက်ထဲတွင် တုတ်ရှည်များ တစ်ချောင်းစီကိုင်ထားသည်။ ရင်ဘတ်ကို အင်အားနှင့် ဆောင့်တွန်းခြင်းခံလိုက်ရသောကြောင့် ထင်ဂူကျိုမှာ နောက်သို့ယိမ်းယိုင်သွားသည်။

ယုမုံမှာ တောင်းကိုချလိုက်ရသည်။ ကျောက်ယီနှင့် ကျောက်ချင်းမိန်တို့နှစ်ယောက်မှာ ထုံးစံအတိုင်း တစ်ခုခု အနိုင်ကျင့်တော့မည်ဟု ယုမုံ သိလိုက်သည်။

“ကဲ…ယုမုံ ဟိုနားမှာ ခဏထိုင်နေစမ်း၊ ငါတို့ သူ့ကို သိုင်းပညာ သင်ပေးမလို့”

“ကျွန်တော် သိုင်းမသင်ချင်ပါဘူး”

ထင်ဂူကျိုက ထိတ်ထိတ်လန့်လန့်ဖြင့် ပြောလိုက်သည်။

“တို့ သိုင်းကွက်အသစ်တက်လာတာ မင်းနဲ့ လေ့ကျင့်ချင်လို့ ခဏလေးပါ”

ကျော်ယီက လမ်းပိတ်ထားလိုက်၍ ထင်ဂူကျိုမှာ နောက်သို့ ဆုတ်လိုက်ရတော့သည်။ နောက်ဘက်တွင် ကျောက်ချင်းမိန်က ရပ်နေ၏ ။

“ကဲ…အစ်ကိုကျောက်ယီ ကျွန်တော် သူနဲ့အရင် လေ့ကျင့်ကြည့်မယ်၊ အစ်ကိုကျောက်ယီ လက်ထဲက တုတ်ကို ပေးလိုက်ပါ”

“အေး..ရော့ ထင်ပူကျို”

ထင်ပူကျိုမှာ ညာဖက်လက်တစ်ဖက်သာ သန်စွမ်းသူမို့ ညာလက်နှင့် တုတ်ကို လှမ်းယူလိုက်ရသည်။

“ကဲ..မင်းလက်ထဲကို တုတ်ရောက်သွားပြီ။ မင်းကြိုက်သလိုသာ ငါ့ကို ရိုက်ပေတော့။ ငါကလည်း လက်ထဲက တုတ်နဲ့ မင်းကို ရိုက်မယ်”

ကျောက်ချင်းမိန်က တစ်လံမျှရှိသော တုတ်ကို ဘယ်ဘက် ညာဘက်ပြောင်းကိုင်ကာ ထင်ပူကျိုကို ပြောလိုက်သည်။ ထင်ပူကျိုမှ မျက်လုံးအပြူးသားဖြင့် တုတ်ကို အလယ်မှ ကိုင်လိုက်သည်။

“လာပြီနော်”

“ဖြောင်း..ဖြောင်း”

ကျောက်ချင်းမိန်က သူ့လက်ထဲမှ တုတ်ကိုစုံကိုင်ကာ ဘယ်ညာဝှေ့ဝိုက် ရိုက်နေသည်။ ထင်ပူကျိုက သူ့လက်ထဲမှ တုတ်ဖြင့် တတ်နိုင်သမျှ ကိုယ်ကို မထိအောင် ကာနေလေသည်။

ထင်ပူကျိုက အလယ်မှ တုတ်ကိုကိုင်ကာ တုတ်၏ အစွန်းနှစ်ဘက်ကို လှည့်၍ ကာနေသော ကြောင့် ကျောက်ချင်းမိန်၏ ရိုက်ချက်များမှာ ထင်ပူကျိုလက်ထဲမှ တုတ်ကိုသာ ထိနေလေသည်။

ထင်ပူကျိုနှင့် ကျောက်ချင်းမိန်တို့ တုတ်ချင်းယှဉ်ရိုက်နေသည်ကို ကျောက်ယီက ထိုင်၍ ကြည့်နေသည်။

သို့သော် လက်နှစ်ဖက် ကိုင်ထားသူနှင့် တစ်ဖက်တည်း ကိုင်ကာ ခုခံနေရသူမှာ အားချင်း မမျှပေ။ တစ်ချက်အရိုက်ခံရတိုင်း ထင်ပူကျိုလက်ထဲမှ

တုတ်မှာ လွတ်ထွက်သွားတော့မလို လက်များ ကျင်သွားသည်။

ညာဘက်မှ ပတ်ကာ ကျောက်ချင်းမိန်က တုတ်ကို အပြင်းဆုံး ရိုက်ချလိုက်ပြန်သည်။

"ဖြောင်း"

"အိုး"

တုတ်နှင့်ထောင်ကာ ကာလိုက်သော ထင်ဝူကျိမှာ ရိုက်ချက်ပြင်းသောကြောင့် တုတ်ကို မကာကွယ်နိုင်တော့ဘဲ လက်ထဲမှ လွင့်ထွက်သွားသည်။

အရှိန်ရနေသော ကျောက်ချင်းမိန်က တုတ်ကို ညာဘက်ကို ရွှေ့၍ ရိုက်ပြီး ချက်ချင်း ခေါင်းပေါ်မှ လက်ပြောင်းကာ တစ်ဘက်ကို ဝိုက်၍ ရိုက်ချလိုက်ပြန်သည်။

"အုံး"

"အား"

ကိုယ်တစ်စောင်းဖြစ်သွားသော ထင်ဝူကျိ၏ ကျောပြင်ကို ကျောက်ချင်းမိန် ရိုက်ချလိုက်သော တုတ်မှာ ပြင်းထန်စွာ ကျရောက်သွားပြီး ထင်ဝူကျိမှ မြေပြင်ပေါ်သို့ မှောက်လျက် ကျသွားသည်။

"ဟား..ဟား..ငါ့ညီက ဘယ်ဆိုးလို့လဲ တော်တယ်ဟေ့"

ကျောက်ယီက သူ့ညီကို ချီးကျူးစကား ဆိုလိုက်သည်။ ယုမုံမှာ ထင်ဝူကျိ၏ အဖြစ်ကို မမြင်ရက်၍ မျက်နှာလွှဲလိုက်လေသည်။

သူ တော်တော်နာသွားပြီး အစ်ကိုကျောက်ယီ သူ့ကို လွှတ်လိုက်ပါတော့နော်

ယုမုံက အသံကိုထိန်းကာ သူ့ဘေးတွင်ထိုင်နေသော ကျောက်ယီကို တောင်းပန်စကား ဆိုလိုက်သည်။

"ယုမုံ နင် တော်တော်ရှုပ်ပါလား သွား..နင့်သစ်သီးတောင်း ပို့စရာရှိတာ သွားပို့"

ဘေးမှ သစ်သီးတောင်းကို ကောက်ယူကာ ယုမုံခေါင်းပေါ်သို့ ပင့်တင်ပေးလိုက်သည်။ ယုမုံက သစ်သီးတောင်းကို ခေါင်းပေါ်ရောက်လျှင် မထနိုင်မည်စိုး၍ ထရပ်လိုက်ရ၏ ။ ယုမုံမှာ သစ်သီးတောင်းကို ရွက်ရင်း ရပ်နေပြန်သည်။

"သွားလေ.ယုမုံ.နင့်ကို သွားပါလို့ ပြောနေတယ် မဟုတ်လား"

ယုမုံမှာ လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်သွားတော့သည်။ ခြေမခိုင်ရသည့်အထဲတွင် ကျောကို တုတ်ချက်မိ၍ လဲကျသွားသော ထင်ဂူကျိမှာ တော်တော်နှင့် မထနိုင်။

မှောက်ခုန်ဖြစ်နေသော ထင်ဂူကျိကို ကျောက်ယီက ခြေထောက်နှင့် ကန်လိုက်၏ ။

"ထစမ်းကွာ...ဒီလောက်နာတာလည်း မဟုတ်ဘဲနဲ့"

"အား..ကျွန်တော့် ကျောထဲက အောင့်နေတယ်"

ထင်ဂူကျိမှာ ထိုသို့ပြောကာ ထရပ်လိုက်ရလေသည်။ ကျောက်ချင်းမိန်က ထင်ဂူကျိထံသို့ တုတ်ကို ပစ်ပေးလိုက်၏ ။

"ရော့..ငါ့အစ်ကိုနဲ့ တစ်ပွဲလောက် လုပ်ပါဦး"

"ကျွန်တော် မကစားချင်တော့ဘူး"

ထင်ဂူကျိက တုတ်ကို လှမ်း၍ ဖယ်ရင်း တောင်းပန်လိုက်သည်။

“ယောကျ်ားပဲကွာ၊ အားတင်းထားမှာပေ့ါ၊ သိုင်းသင်တယ်ဆိုတာ ဒီလိုနာခံမှ တတ်မှာပေ့ါ၊ လာ.. ဒီတစ်ခါ မင်းက အရင်စပြီး တိုက်ပါ၊ ငါက အရမ်းမရိုက်ပါဘူး”

ကျောက်ယီက ကောက်ကျစ်သောအပြုံးကို ပြုံးရင်း ပြောလိုက်သည်။

“ကျွန်တော်က ဘယ်လိုရိုက်ရမှာလဲ၊ လက်တစ်ဖက်ကမှ ကိုင်လို့မရတာ ”

“မင်း ညာလက်နဲ့ကိုင်ပြီး ရိုက်ပေ့ါကွာ ရပါတယ်၊ ငါ့ကို ထိရင်ပြီးရော မင်း ဉာဏ်ရှိသလို ရိုက်”

သိုင်းပညာ အခြေခံမရှိ၍ လုံးဝသင်ကြားတတ်မြောက်ခြင်းမရှိသေးသော ထင်ဝူကျိကို ကျောက်ယီက ရဲတင်းစွာပင် စိန်ခေါ်လိုက်သည်။

ကျောပြင်တွင် ပြင်းထန်သော တုတ်ချက်ကို ထိထားသောကြောင့် ထင်ဝူကျိမှ ခြေလှမ်းများပင် ယိုင်နေသည်။ သူသည် တုတ်ရှည်ကို ကြောက်ရွံ့စွာဖြင့် ဆုပ်ကိုင်လိုက်သည်။

တုတ်ရှည်၏ အဖျားကို ကိုင်ကာ မကြည့်သည်။ လက်တစ်ဖက်အားဖြင့် မသောကြောင့် သစ်သားလုံးချော တုတ်ရှည်မှာ မနည်းကြီး မယူလိုက်ရသည်ကို ထင်ဝူကျိ သတိထားမိသွားသည်။

သူသည် တုတ်ရှည်၏ အလေးချိန်ကို ယူ၍ မွှေနိုင်ရန် အသာအယာ မြှောက်လိုက်သည်။ ထို့နောက် ခေါင်းပေါ်မှ ဝှေ့ကာ ကျောက်ယီ၏ အောက်ပိုင်းကို ရိုက်ချလိုက်သည်။

“ဝှီး”

“ယား”

ကျောက်ယီက သူ၏ ခြေထောက်များကို ဖြတ်ရိုက်သော တုတ်ချက်ကို အသာအယာပင် ခုန်ရှောင်လိုက်သည်။ ကျောက်ယီအဖို့ ခုန်ရှောင်၍ လွယ်ကူလာသည်။ အဘယ်ကြောင့်သိုသော် ထင်ပူကျို၏ ရိုက်ချက်မှာ တုတ်အလေးချိန်ကြောင့် နှေးကွေးလေးလံလွန်းလှသောကြောင့်ပင် ဖြစ်သည်။

ထင်ပူကျိုက အောက်ခြေသို့ ရိုက်လျှင် ခုန်ရှောင်မှန်း သိသောကြောင့် တုတ်ရှည်ကို အရှိန်နှင့် ထပ်ဝှေ့ကာ ကျောက်ယီ၏ အပေါ်ပိုင်းကို ရိုက်လိုက်သည်။

"ဗိုး"

"အိုး..တယ်ဟုတ်ပါလား"

ကျောက်ယီက တုတ်ရှည်ကို ခါးလယ်မှကိုင်ကာ လှည့်၍ ထားရင်း ငုံ့ရှောင်ပေးလိုက်သည်။ ထင်ပူကျိုမှာ ရိုက်ချက် လွဲသွား၍ အားလွန်သွားသည်။

သို့သော် စောစောကလို ကျောကို အရိုက်ခံရမည်စိုးသောကြောင့် အားလွန်သွားသော တုတ်ရှည်နောက်ကို လိုက်၍ လှည့်ရင်း အောက်သို့စိုက်ကာ မြေကြီးကို ထောက်လိုက်၏ ။

"ကဲကွာ"

"ဖြောင်း"

ကျောက်ယီကလည်း စောစောက ကျောက်ချင်းမိန် ရိုက်သကဲ့သို့ပင် ထင်ပူကျို၏ ကျောကို ပက်ရိုက်ချလိုက်ရာ ကိုယ်ကို ကျောဖက်သို့ ချာခနဲလှည့်ကာ မြေကြီးကို ထောက်ထားလိုက်သော တုတ်ကို ဖြောင်းခနဲ ရိုက်မိသည်။

"မင်းက ဘယ်ဆိုးလို့လဲကွ။ စောစောက ကျောက်ချင်းမိန်က ရိုက်လိုက်တဲ့အကွက်ကို ခုခံနိုင်သွားပြီပဲ"

ကျောက်ယီက အံ့အားသင့်သောအသံဖြင့် ပြောကာ သူ၏ ရင်ဘတ်ကို ပြန်ဆွဲ၍ နောက်သို့ ဆုတ်လိုက်သည်။ ညာလက်တစ်ဖက်ကိုသာ အသုံးပြုရသော

ထင်ပူကျိုမှ မြေကြီးသို့ စိုက်အားနည်း၍ ရိုက်ချလိုက်သော အရှိန်ကြောင့် တုတ်က လွင့်ကာ သူ့ခြေထောက်ကို လာ၍ ထိမိခြင်း ခံလိုက်ရ၏ ။

"အင်း..ငါ့တုတ်ကို ရှေ့ကိုထောက်ပြီး နောက်ကို စောင့်ထားရင် ရိုက်တဲ့အရှိန်နဲ့ တုတ်က ငါ့ကို ပြန်ကန်မှာမဟုတ်ဘူး"

ထင်ပူကျိုမှာ အတွေ့အကြုံမှ ရရှိသော နည်းပရိယာယ်ကို မှတ်ထားလိုက်သည်။ ကျောက်ယီမှာ ဆရာဖြစ်သူနှင့် သင်ကြားလာပြီး မည်သည့်အခြေခံမှမရှိသော ထင်ပူကျို၏ ကာကွယ်နိုင်မှုကြောင့် စိတ်ထဲတွင် ဘဝမကျဖြစ်သွားသည်။

"အား..ဒီကောင့်ကိုတော့ မှတ်လောက်သားလောက်အောင် ဆုံးမဦးမှာပဲ"

ကျောက်ယီက ထိုကဲ့သို့ အားတင်းကာ နောက်တစ်ကြိမ် သူ၏ တုတ်ကို လက်နှင့် စုံကိုင်ကာ ဘယ်ညာဝှေ့၍ ရိုက်လိုက်လေသည်။ ညာခြေတစ်ဖက်နှင့် ဘယ်လက်တစ်ဖက် အကြောဆိုင်းကာ မလှုပ်ရှားနိုင်သေး။

ထင်ပူကျိုက ဘယ်ညာရိုက်ချက်များကို ညာလက်တစ်ဖက်ဖြင့် တုတ်ကို ကိုင်ကာ မြေပြင်တွင် ထောက်၍ ကာကွယ်လိုက်သည်။

"ဖြောင်း"

"ဖြောင်း"

"ယား"

ထင်ပူကျို ကာကွယ်နိုင်မှုကို အံ့အားသင့်သွားပါသည်။ သို့သော် ဟန်ဆောင်၍ မျှ ချီးမွမ်းစကားမပြောကြားနိုင်တော့ သူသည် တုတ်ကိုပြန်ဆွဲပြီးနောက် ထင်ပူကျို၏ ခေါင်းပေါ်သို့ ရိုက်နှက်လိုက်တော့သည်။

"ဖုန်း"

ထင်ပူကျိုက သိုင်းပညာမတတ်သော်လည်း သည်လောက်တော့

ခန့်မှန်းချေရှိပါသည်။ သူ၏ ခေါင်းပေါ်သို့ ရိုက်ချသော တုတ်ကို ဘယ်ဘက်သို့ စောင်းကာ ရှောင်လိုက်၏ ။

ကျောက်ယီ၏ ရိုက်ချက်မှာ မြေကြီးပေါ်သို့ ကျသွားလေသည်။ ထင်ဝူကျိမှာ ညာလက်တွင် ကိုင်ထားသော တုတ်ကို အပေါ်သို့ ဆွဲမလိုက်သည်။

"ဖြောင်း"

"အိုး"

တတ်သိနားလည်၍ မဟုတ်ပါ။ သူ့တုတ်ကို သူ မယုံခြင်းသာ ဖြစ်ပါသည်။ ထင်ဝူကျိ၏ တုတ်က မြေပြင်ပေါ်တွင် စောင်းကာ အားနှင့် ရိုက်ချလိုက်သော ကျောက်ယီ၏ တုတ်အောက်တွင် ရောက်ရှိနေရာ ထင်ဝူကျိက တုတ်ကို အပေါ်သို့ မြှောက်ယူလိုက်သည်နှင့် ရိုက်ချက်တစ်ချက်ပြီးဆုံးကာ ရပ်ဆိုင်းသွားသော ကျောက်ယီ၏ တုတ်ကို ထပ်တင်လိုက်သလို ဖြစ်သွားသည်။

လက်လှန်အနေအထားမျိုးဖြစ်၍ ကျောက်ယီ၏ တုတ်မှာ မြှောက်တတ်သွားပြီး ကိုယ့်ခေါင်းပေါ်သို့ ကျသွားလေသည်။

*

ကျောက်ယီ တော်တော်ရှက်သွားသည်။ ကျောက်ယီတင် မဟုတ် ကျောက်ချင်းမိန်ပါ ဒေါသထွက်လာသည်။ သိုင်းပညာသင်ယူလာသော သူ့အစ်ကိုကို ထင်ဝူကျိက တိတ်တဆိတ် တတ်ကျွန်းခဲ့သော သိုင်းပညာဖြင့် တုန့်ပြန်လိုက်သည်ဟု ထင်မှတ်သွားသည်။

"ရပ်လိုက်စမ်း"

ကျောက်ချင်းမိန်က အော်ဟစ်လိုက်သည်။ သူ အော်ဟစ်ဖို့ မလိုပါ။ အမှန်တော့ ထင်ဝူကျိသည် မည်သို့မျှ မလှုပ်ရှား။ ကျောက်ယီက လှုပ်ရှားမှသာ ခုခံကာကွယ်ရသူ ဖြစ်ပါသည်။

ကျောက်ချင်းမိန်သည် ရှေ့သို့ တိုးလာပြီးနောက် ထင်ပူကျိ၏ လက်ထဲမှ တုတ်ကို ဆွဲယူလိုက်လေသည်။ ထင်ပူကျိက တုတ်ကို မိမိရရ ကိုင်ထားခြင်းမဟုတ်ပါ။ ထို့ကြောင့် တုတ်ရှည်သည် ကျောက်ချင်းမိန်၏ လက်ထဲသို့ ပြန်ရောက်သွားသည်။

"မင်း ဒီပညာတွေ ဘယ်တုံးက သင်ထားလဲ ပြောစမ်း"

"ဘယ်တုံးကမှ မသင်ခဲ့ရပါဘူး"

ထင်ပူကျိက ရိုးသားစွာ ဖြေလိုက်ပါသည်။

"ဟုတ်တယ်။ ညီလေးချင်မိန် မင်းမေးတာ မှန်တယ်။ ဒီကောင် သိုင်းမတတ်ဘဲ အစ်ကိုရဲ့ တိုက်ကွက်တွေကို ဘယ်ခုခံမှာလဲ"

ထင်ပူကျိကို သိုင်းတတ်သည်ဟု ယူဆနေသော ကျောက်ယီကလည်း ပြောလိုက်သည်။

"ဒီလိုကောင်မျိုးကို ကြီးထွားမလာခင်မှာ အပြတ်ရှင်းထားတာ ကောင်းမယ် အစ်ကို"

ကျောက်ချင်းမိန်က တုတ်ကို လက်တစ်ဖက်နှင့် စလိုက်ကာ သူ့အစ်ကို ပြောလိုက်သည်။

"ဟုတ်တယ်၊ တို့ခြံထဲမှာလည်း နေသေးတယ်။ တို့ကိုလည်း အာခံတယ်"

ထင်ပူကျိမှာ ကြောက်ရွံ့၍ နှုတ်ခမ်းများပင် ဆတ်ဆတ်တုန်လာသည်။

"ကျွန်တော် တောင်းပန်ပါတယ်"

ထင်ပူကျိက တောင်းပန်စကားဆိုလိုက်သည်။

"ဘာလဲကွ..မင်းက သေရမှာကြောက်လို့ တောင်းပန်နေတာလား"

ကျောက်ယီက ထင်ပူကျိကို တုတ်နှင့်ရိုက်ရန် ရှေ့သို့ တိုးလာရင်း

မေးလိုက်သည်။

“မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် တကယ်ပြောနေတာပါ။ ကြောက်ကြောက်နဲ့ ခုခံရင်း ခုလိုဖြစ်တာပါ”

“စကားပြောမနေပါနဲ့ အစ်ကို..၊ သူ့ကို ရှင်းလိုက်တာ ကောင်းပါတယ်”

ပြောပြောဆိုဆို ကျောက်ချင်းမိန်က သူ့လက်ထဲမှ တုတ်ကို ဆွဲကာ ထင်ပူကျို၏ ခေါင်းပေါ်သို့ ရိုက်ချလိုက်၏ ။

“ဖုန်း”

“အား”

ထင်ပူကျိုက တိမ်းရှောင်လိုက်သော်လည်း တုတ်က ညာဘက်ပခုံးပေါ်သို့ လာကျလေသည်။ ထင်ပူကျိုသည် တောင်းပန်၍ ရမည်မဟုတ်သောကြောင့် ထွက်၍ ပြေးလာခဲ့သည်။

သို့သော် ခြေတစ်ဖက်မသန်သော ထင်ပူကျိုမှာ ဝေးဝေး မပြေးနိုင်ပါ။ မက်မုံသီးတစ်လုံးကို ခလုတ်တိုက်ကာ လဲလေတော့သည်။

“ဟင်”

ထင်ပူကျိုက နောက်သို့ လှမ်းကြည့်လိုက်သည်။ သူ့နောက်တွင် တုတ်များကို ကိုင်ကာ ကျောက်ယီနှင့် ကျောက်ချင်းမိန်တို့ ပြေးလိုက်လာနေသည်။

ထင်ပူကျိုသည် သူ့ဘက်သို့ လှည့်ကာ မက်မုံပင်ပေါ်တွင် ထောင်နေသော ယုမုံချထားခဲ့သော တံချူကို တွေ့လိုက်သည်။ ထိုတံချူမှာ အပင်ပေါ်တင်၍ အရိုးမှာ အပေါ်ထောင်နေသည်။

တံချူရှိရာသို့ ပြေးလာနေသော ကျောက်ယီ၏ မျက်နှာကြီးကို သူ ကြည့်လိုက်သည်။ ထင်ပူကျိုသည် မက်မုံသီးကို ကောက်ကာ တံချူရိုးကို သူ့ဘက်ထောင်နေသည့်ပေါ်သို့ မြှောက်၍ ပစ်ချလိုက်၏ ။

“ထောက်”

“ဂွပ်”

“အား”

အဖြစ်အပျက်က မြန်ဆန်လှသည်။ ထင်ဂူကျို ချိန်သားကိုက်မှုကြောင့် တံချူမှာ ထောင်သွား၏ ။ သစ်သီးကျသောအချိန်နှင့် ထောင်သွားသည့် တံချူကို အရှိန်နှင့် ပြေးလာသော ကျောက်ယီက ဝင်ဆောင့်သည်။

ထောင်နေသော တံချူထိပ်က ကျောက်ယီ၏ ဝမ်းဗိုက်နှင့် တည့်သွားသည်။ နောက်မှ အရှိန်က သစ်မြစ်နှင့် ခံသွားသည်။ ထိုအခါ တံချူမှာ ကျောက်ယီ၏ ဝမ်းဗိုက်ကို တိုးဖောက်လိုက်တော့သည်။

“အစ်ကို..အစ်ကိုကျောက်ယီ”

နောက်မှပြေးလာသော ကျောက်ချင်းမိန်မှာ သူ့အစ်ကိုကို ပြေးပွေ့လိုက်သည်။

လူတစ်ဦးက လုံထွာတစ်ချောင်းနှင့်ပစ်လိုက်လျှင် ကျောကို ပေါက်ချင်မှ ပေါက်မည်ဖြစ်သော်လည်း ထင်ဂူကျိုက ချိန်သားကိုက်စွာ ပစ်လိုက်သော သစ်သီး၏ အကျမှန်မှု၊ ကျောက်ယီ၏ ပြေးလာသောအချိန်များမှု၊ တုတ်ညှပ်ထားသော တံချူ၏ တည့်မတ်စွာ ဆောင့်သွားမှုတို့ကောင့် ငါးကို သီတံထိုးလိုက်သလို ကျောက်ယီ၏ ကျောကို တံချူတံက ဖောက်ထွက်သွားသည်။

“အား..အွတ်..အွတ်”

ကျောက်ယီ၏ ပါးစပ်မှ သွေးများ ပွက်ပွက်အန်နေသည်။ သူတို့ညီအစ်ကိုက အထင်သေးခဲ့သော ဒုက္ခိတ ထင်ဂူကျို သူ့အစ်ကိုကို သတ်လိုက်ပြီဆိုသည့်အသိကို ကျောက်ချင်းမိန် သိလိုက်သည်။

“ဘာလိုဖြစ်တာလဲ အစ်ကိုရယ်”

ကျောက်ယီကို ပွေ့ချီကာ ကျောက်ချင်းမိန် ကျန်ခဲ့သည်။ ထင်ဂူကျိကတော့ ထိတ်လန့်သွားသည်။ သူ မှားပြီ၊ သူ လူသတ်မိပြီဆိုသော အသိကို သိလိုက်သည်နှင့် သူ နေထိုင်သော အိမ်ကလေးရှိရာသို့ ပြေးထွက်လာခဲ့သည်။

အိမ်ထဲတွင် သစ်သီးပို့၍ ပြန်လာသော ယုမုံနှင့် ချင်းတောက်ဟူတို့မှာ ရေနွေးကြမ်းသောက်ရင်း ထင်ဂူကျိကို ထိုင်စောင့်နေကြသည်။ ထင်ဂူကျိသည် ချွေးများထွက်၍ အိမ်ထဲသို့ ဝုန်းခနဲ ပြေးဝင်လိုက်သည်။

"ဟင်.. ထင်ဂူကျိ ဘာဖြစ်လာတာလဲ၊ ဟို ညီအစ်ကို တွေက မင်းကို နှိပ်စက်လိုက်ပြန်ပြီ မဟုတ်လား"

အိမ်ထဲသို့ ရောက်သည်နှင့် ချင်တောက်ဟူက လှမ်း၍ မေးလိုက်သည်။

"မဟုတ်ပါဘူး ဦးလေး"

"နင့်ကို သူတို့က နှိပ်စက်နေတာ ငါ မြင်တယ်၊ ခု သူတို့ ထွက်သွားကြပြီလား"

"မဟုတ်ဘူး..မဟုတ်ဘူး"

ထင်ဂူကျိမှာ သားအဖနှစ်ယောက်ကို ဖြေကြားရင်း နှုတ်ခမ်းများ တဆတ်ဆတ်တုန်ကာ မျက်ရည်များ ကျနေသည်။

"ထင်ဂူကျိ သတိထားမှာပေါ့ကွာ။ ဘာဖြစ်လာတာလဲ ပြောပါဦး"

"ကျွန်တော် လူသတ်မိပြီ ဦးလေး"

"ဟင်"

"အို.."

ထင်ဂူကျိ၏ စကားကြောင့် သားအဖနှစ်ယောက်လုံး အံ့အားသင့်သွားကြသည်။

"ဘယ်လိုဖြစ်ရတာ လဲ..ဘယ်သူသေသွားတာလဲ"

"သေသွားတာကတော့ ကျောက်ယီပါ"

ချင်တောက်ဟူမှာ သစ်သီးခြံပိုင်ရှင် ကျောက်တန်းရှန်၏ သားလတ်သေဆုံးသွားသည်ဟု သတင်းကြားလိုက်ရ၍ ထိတ်လန့်သွားသည်။

"ဟင်..ကျောက်ယီ သေသွားပြီ ဟုတ်လား၊ ဘယ်လို ဖြစ်ရတာ လဲ"

ဖြစ်ပုံပျက်ပုံကို ထင်ဝူကျိုက ပြောပြလိုက်သည်။

"ဒါဆိုရင်တော့ မင်း မလွယ်တော့ဘူး ထင်ဝူကျို၊ မင်းကို လက်ခံထားတဲ့ တို့သားအဖတောင် ဒုက္ခရောက်တော့မယ် ထင်တယ်"

"ဖြစ်မှဖြစ်ရလေ ထင်ဝူကျိုရယ်။ နင်ဘက်က မလွတ်ဘူးဆိုတာ ငါ သိပါတယ်။ ဒါပေမဲ့.."

ယုမုံမှာ စကားကိုဆုံးအောင် မပြောနိုင်တော့ဘဲ တဟင့်ဟင့်နှင့် ရှိုက်ငိုလျက် ရှိလေသည်။

"အေး.မင်းပစ္စည်းတွေကို သိမ်းတော့၊ မင်း သွားစရာရှိတာ သွားတော့ ထင်ဝူကျို၊ ဒီမှာ ကြာကြာနေလို့ မကောင်းတော့ဘူး"

ထင်ဝူကျိုမှာ ပစ္စည်းများများ မရှိပါ။ အကျႌနှစ်ထည် သုံးထည်နှင့် အိတ်စုတ်တစ်လုံးသာ ရှိပါသည်။ ထင်ဝူကျိုသည် အခန်းထောင့်တွင် ပုံထားသော သူ့အဝတ်များကို အိတ်စုတ်ထဲသို့ ထည့်လိုက်သည်။

"ကျွန်တော် ဦးလေး ချင်တောက်ဟူကို ကန်တော့ခဲ့ပါတယ်"

ချင်တောက်ဟူကို ထင်ဝူကျိုသည် ကန်တော့လိုက်၏ ။ အိတ်ကိုယူကာ အိမ်ပေါက်ဝသို့ ထွက်လိုက်လေသည်။

"ထင်ဝူကျို"

အိမ်ပေါက်ဝမှ ခြေလှမ်းပြင်လိုက်စဉ်မှာပင် ယုမုံက လှမ်းခေါ်၍ လှည့်ကြည့်သည်။

“ရော့..ဒါကိုယူသွား.. ခရီးက ဘယ်လောက်ဝေးမယ်မှန်းမှ မသိတာ”

ယုမုံက ထင်ပူကျိုကို ရေဘူးတစ်ဘူး လှမ်း၍ ပေးလိုက်သည်။ ရေဘူးကို အိတ်ထဲသို့ ထည့်ကာ ထင်ပူကျို ထွက်လာခဲ့လေသည်။

*

အနီရောင် လက်ဝါးဂိုဏ်းချုပ်ကြီး လုံရုက်ပင်းသည် တုန်လှုပ်ချောက်ချားနေသည်။ သူ၏ ဂိုဏ်းသားများမှာလည်း သူ့ရှေ့တွင် ရပ်နေကြသည်။

“ကဲ..အမှားအယွင်းတစ်ခုတော့ ဖြစ်သွားပြီ၊ အဲဒီ အမှားအယွင်းဟာ နှစ်ပေါင်းနှစ်ဆယ် ကြာအောင် တည်တံ့လာခဲ့တဲ့ တို့ရဲ့ အနီရောင်လက်ဝါးဂိုဏ်းရဲ့ နိဂုံးဖြစ်ပေါ်စေနိုင်တယ်”

ဂိုဏ်းသားများမှာ ငြိမ်သက်နေ၏ ။ လက်ထောက်ဂိုဏ်းသားများဖြစ်သော ကျန်းရှိန်နှင့် ချူးရန်ပိတို့မှာ ဂိုဏ်းသားများရှေ့တွင် ရပ်နေကြသည်။

“သေဆုံးသွားတာကတော့ ကြယ်တံခွန်ဂိုဏ်းက မေချူးရော၊ ကျွန်တော်တို့ဂိုဏ်းက ထင်းကျူးရော နှစ်ယောက်လုံးပါ ဂိုဏ်းချုပ်ကြီး”

ကျန်းရှိန်က အခြေအနေကို တင်ပြလိုက်လေသည်။

“အေးလေ..ဘာပဲဖြစ်ဖြစ် ကြယ်တံခွန်ဂိုဏ်းလို သိုင်းဂိုဏ်းကြီးက သူ့ဆီက အားကိုးရတဲ့ နံပါတ်သုံးအဆင့် မေချူလိုမိန်းကလေးမျိုးကို ငါတို့ဂိုဏ်းသား ဂိုဏ်းသားတစ်ယောက်က သတ်လို့ သေတယ်ဆိုတာကို သိပ်ရှက်ရွံ့လိမ့်မယ်။ ပြီးတော့ လက်စားချေဖို့လည်း လုပ်လိမ့်မယ်။ ဒါ အသေအချာဆုံးပဲ”

လုံ့ရှက်ပင်းက သူ့ခန့်မှန်းသိရသော အခြေအနေကို ဂိုဏ်းသားများသိအောင် ပြောပြလိုက်လေသည်။

"ကြယ်တံခွန်ဂိုဏ်းသားလည်း ဂိုဏ်းချုပ်အသစ်ပြောင်းတာ မကြာသေးဘူးလို့ သိရပါတယ်။ နောက်ထပ် ဂိုဏ်းချုပ် ချင်လွှေ့လွှေ့ကတော့ တော်တော်ထက်မြက်တယ်လို့ လူတွေက ပြောနေကြပါတ်"

ချူရန်ပိက ဂိုဏ်းချုပ်ကြီးကို အစီရင်ခံလိုက်ခြင်းပင် ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် မိန်းမတွေချည်း ဖွဲ့စည်းထားတဲ့ ကြယ်တံခွန်ဂိုဏ်းဟာ နဂိုကတည်းက ဒေါသအမျက်ကြီးတယ်။ ရက်စက်ကြမ်းကြုတ်တယ်ဆိုတာကို မင်းတို့လည်း သိသားပဲ။ ဒီတော့ သူတို့ဒေါသမပြေခင် တို့ဂိုဏ်းဟာ ခြေရာပျောက်ပြီး တိမ်းရှောင်နေတာ အကောင်းဆုံးပဲ"

"ကောင်းပါတယ်။ ကျွန်တော်တို့ အုပ်စု သုံးစုခွဲပြီးတော့ ဆရာလုံ့ရှက်ပင်းပြောတဲ့အတိုင်း ရှောင်နေလိုက်တာ ခုချိန်မှာ အကောင်းဆုံးပါပဲ"

ချူရန်ပိက ဂိုဏ်းချုပ်ကို ထောက်ခံပြောဆိုလိုက်သည် ချူရန်ပိ၏ ရည်ရွယ်ချက်ကို ကျန်းရှိန်က သဘောမတူပေ။

"ကျွန်တော့်သဘောကတော့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဒီပြဿနာဟာ နောင်ကိုလည်း ရင်ဆိုင်ရမှာပဲ။ ဒီတော့ အခုအချိန်ကတည်းက ဖြေရှင်းလိုက်တာ ကောင်းမယ်၊ အဖြစ်မှန်ကို ပြောပြပြီး ကျေအေးမှု ယူလိုက်စေချင်ပါတယ်"

ကျန်းရှိန်ကလည်း အနီရောင်လက်ဝါးဂိုဏ်း၏ ရှေ့ရေးကို တွေးကာ တင်ပြလိုက်ခြင်းဖြစ်သည်။

"မင်း ပြောသလို ငါလည်း စိတ်ကူးကြည့်ပါတယ်။ ဒါပေမယ့် မဖြစ်နိုင်ဘူးလို့ ထင်တယ်။ တို့မှာ ကျေအေးဖို့ တောင်းပန်လိုက်ရတာ အဖက်တင်ပြီး ဂိုဏ်းကိုဖြိုခွဲခံရရင် ပိုပြီးနစ်နာလိမ့်မယ် ကျန်းရှိန်"

“ကြယ်တံခွန်ဂိုဏ်းတစ်ခုတည်းလောက်တော့ ကျွန်တော်တို့ မမှုပါဘူး လုံရှက်ပင်း”

သတ္တိရှိ၍ ထက်မြက်သော လက်ထောက်ဂိုဏ်းချုပ် ကျန်းရှိန်ကပြောလိုက်၏။ ဂိုဏ်းချုပ်ကြီးက ခေါင်းခါရမ်းလိုက်သည်။

“မဖြစ်နိုင်ဘူး ကျန်းရှိန်၊ ကြယ်တံခွန်ဂိုဏ်းကို ထိရင် ကျားသစ်နက်ဂိုဏ်းနဲ့ မြားဘီလူးဂိုဏ်းတွေကလည်း ခံကြမှာ မဟုတ်ဘူး”

“သူတို့နဲ့ဆိုင်တာ မဟုတ်တော့ဘဲ ဆရာလုံရှက်ပင်းကလဲ”

ကျိန်းရှိန်က ခေါင်းမာမာနှင့် အော်ပြောလိုက်သည်။

“ဒီလိုပြောလို့မရဘူး..ကျန်းရှိန်..ကျားသစ်နက်ဂိုဏ်းသည် ဝူရင်းနဲ့ မြားဘီလူးဂိုဏ်းချုပ် ယန်ဆန်ချူဟာ ကြယ်တံခွန်ဂိုဏ်းရဲ့ လက်ထောက် ချင်လွေ့လွေ့ကို ချောမောလှပလို့ သဘောကျနေကြတာ ကြာပြီ။ ချင်လွေ့လွေ့တစ်ခွန်းပြောလိုက်တာနဲ့ အဲလေ..မပြောပါနဲ့ဦး..ဒီသတင်းမျိုး ကြားလိုက်တာနဲ့ ပိုးကြေးပန်းကြေးနဲ့ တို့အဖွဲ့ကို ချေမှုန်းကြမှာပဲ”

ဂိုဏ်းချုပ်ကြီး၏ အသံမှာ စကားပြောရင်းပင် တိမ်ဝင်သွားသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ဤကဲ့သို့ အဖြစ်မျိုး သူတို့ဂိုဏ်းတွင် တစ်ကြိမ်မျှ မကြုံတွေ့ခဲ့ဘူးပေ။ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာခဲ့သော ဂိုဏ်းဝင်ပစ္စည်းဖြစ်သည့် ဓားသုံးစင်းကို သူ့ခါးမှ ဆွဲထုတ်လိုက်သည်။

ဓားတစ်စင်းကို သူ၏ ကျောရှိ လျှို့ဝှက်အိတ်ထဲသို့ ထည့်လိုက်ပြီး ကျန်ရှိန်ထံသို့ ငွေဓားတစ်ချောင်း၊ ချူရန်ပိထံသို့ ပယင်းဓားတစ်ချောင်း ပစ်ချပေးလိုက်သည်။

သူတို့နှစ်ဦးကလည်း ဂိုဏ်းစဉ်ရတနာဖြစ်သော ဓားများကို သူတို့ကျောထဲရှိ လျှို့ဝှက်ဓားအိမ်ထဲသို့ ထည့်လိုက်ကြသည်။

"ကဲ..အချိန်မရှိတော့ဘူး။ ဂိုဏ်းဓားတွေကို သုံးစု ခွဲလိုက်ပါ"

ဂိုဏ်းချုပ်ကြီးက အမိန့်ချလိုက်သည်နှင့် ကျန်းရှိန်က ဂိုဏ်းသားများကို ဆန္ဒအတိုင်း လိုက်ချင်သူနှင့်လိုက်ဖို့ ပြောလိုက်သည်။ ဂိုဏ်းချုပ်ကြီး၏ ရှေ့တွင် လူခုနှစ်ဦးတိတိရှိနေ၍ ကျန်းရှိန်နှင့် ချူရန်ပိတို့နောက်တွင် လူငါးဦးစီသာ ထွက်ကြလေသည်။

ဤသည်မှာ ဂိုဏ်း၏ အစဉ်အလာအတိုင်း အရေးကြီးလူ လိုက်ပါရမည့် လူစနစ်ကို ချမှတ်ခဲ့သောကြောင့် တစ်ခဏအတွင်းမှာပင် လူစုသုံးစုခွဲဝေပြီးသား ဖြစ်သွားကြခြင်းပင်။

"ကဲ.မင်းတို့အားလုံး ကံကောင်းကြပါစေလို့ ငါ ဆုတောင်းပါတယ်။ ဒီကြားထဲမှာ ကြယ်တံခွန်ဂိုဏ်းနဲ့ စေ့စပ်ဆွေးနွေးဖို့ ငါ ကြိုးစားပါ့မယ်။ မင်းတို့နဲ့ ငါ နောက်တစ်နှစ်တိတိကြာရင် ကွေ့ချင်းတောင်မှာ ပြန်ဆုံကြမယ်"

အနီရောင်လက်ဝါးဂိုဏ်းသည် အုပ်စုသုံးစုခွဲကာ သူတို့ ဂိုဏ်းအဖွဲ့တည်ရှိရာ ချီမင်ရေအိုင်မှ ထွက်ခွာသွားကြလေတော့သည်။

*

ကျောက်ထန်းရှန်သည် ကျောက်ထုံနှင့် ကျောက်ချင်းမိန်တို့ ထမ်းလာပြီး သူ့ရှေ့တွင် ချလိုက်သော ကျောက်ယီ၏ အလောင်းကိုကြည့်ကာ ဒေါသဖြင့် ထိုင်နေသော ကုလားထိုင် ဝုန်းခနဲ ထုလိုက်သည်။

"တောက်..ငါ့မှာ သားသုံးယောက်ပဲရှိတယ်၊ အခု ဘာမဟုတ်တဲ့ ကလေကချေက သတ်လို့ သားတစ်ယောက် သေသွားပြီ၊ ဖြစ်ပုံကို ပြောပြစမ်း"

ကျောက်ချင်းမိန်မှာ ငိုသံပါဖြင့်..

"အစ်ကိုကျောက်ယီကို တံချူနဲ့ ပစ်ပြီးတော့ ထင်ဝူကျိုက သတ်ပစ်လိုက်တာပါ ဖေဖေ"

ကျောက်ထုံမှာ ရိုးသားသူဖြစ်သည့်အတိုင်း ကျောက်ချင်းမိန်၏ စကားကို လက်မခံပေ။

"မဟုတ်ဘူး ဖေဖေ..ဒီကောင်လေးကို သူတို့နှစ်ယောက်က နှိပ်စက်တာ ကြာပြီ၊ ဒီနေ့လဲ သူတို့နှစ်ယောက် တစ်ယောက်တစ်လှည့် တုတ်သိုင်းနဲ့ ထင်ဝူကျိုကို ရိုက်နေကြတာ ကျွန်တော် တွေ့တယ်"

ကျောက်ထန်းရှန်သည် ကျောက်ထုံ၏ စကားကြောင့် မျက်နှာရှုံ့မဲ့သွားသည်။

"ဟော့ကောင် ..ကျောက်ထုံ..မင်းက ကိုယ့်ညီတစ်ယောက်လုံး သေတာတောင်မှ သူများဘက်က လိုက်ချင်တုန်းပဲလား"

ကျောက်ထုံမှာ မျက်နှာကောင်းမရ၊ အဆူခံလိုက်ရ၍ နှုတ်ဆိတ်နေလိုက်ရသည်။

"ကဲ..ကျောက်ချင်းမိန် ဖြစ်ပျက်ပုံကို ဆက်ပြီးပြောစမ်း"

"ဒီကောင်က လူကသာ မစွမ်းအသန်၊ လျှို့ဝှက်ပြီး သင်ထားတဲ့ သိုင်းပညာ တတ်တယ်၊ သူ ဘယ်လိုလုပ်လိုက်မှန်း မသိဘူး။ သူနဲ့ အဝေးကြီးမှာရှိနေတဲ့ တံချူဟာ ထောင်ထားပြီးတော့ အစ်ကို ကျောက်ယီရဲ့ ဗိုက်ထဲကို ဝင်သွားတာပဲ"

"ဟေ ဒီကောင်..မှော်ပညာတွေများ တတ်နေတာလား ၊ တော်တော် ကောက်ကျစ်တဲ့ အကောင်ပဲ"

ကျောက်ထန်းရှန်မှာ တုန်လှုပ်သောအသံဖြင့် ပြောလိုက်သည်။

"မဟုတ်ပါဘူး ဖေဖေ။ ကျွန်တော် အစအဆုံးမြင်လိုက်ပါတယ်၊ ညီလတ်နဲ့ ညီလေးက တစ်လှည့်စီ သူတို့တတ်တဲ့ တုတ်သိုင်းနဲ့ ထင်ဝူကျိုကိုခေါ်ပြီး ကစားကြပါတယ်။ ထင်ဝူကျိုက သိုင်းမတတ်တော့ ညီလေးရိုက်တဲ့

တုတ်ချက်တစ်ချက်မိပြီး မှောက်သွားပါတယ်”

“ဟင်..ကျောက်ထုံ မင်းက သူတို့နားမှာ ကြည့်နေတာလား”

“မဟုတ်ပါဘူး..ဟိုဘက်တောင်ထိပ်က ပန်းသီးခင်းထဲကနေ လှမ်းမြင်နေရတာ ၊..ကဲ.. ငါပြောတာ မမှန်ဘူးလား ညီလေ”

ကျောက်ချင်းမိန်က ခေါင်းငုံ့နေသည်။

“လက်စသတ်တော့ မြွေပွေးကို ရေမြွေထင်ပြီး သွားစမ်းတဲ့ကောင်တွေ မြွေကိုက်ခံရတာ ကိုး။ ငါ့အပြစ်လည်း ပါတယ်၊ ငါဟာ ဒိဒုက္ခိတကောင်လေးကို သနားလို့ ခြံထဲမှာ နေခွင့်ပေးမိတာ အမှားပဲ၊ ဒီကောင် ကျောက်ယီကို ဘယ်လိုလုပ်ပြီး သတ်လိုက်တာလဲ ကျောက်ထုံ”

“ကျွန်တော် မြင်တာကတော့ သူဟာ မက်မုံသီးနဲ့ ထောင်နေတဲ့ တံချူကို ပစ်လိုက်တာပဲ၊ တံချူက သစ်မြစ်ပေါ်မှာ တင်နေတော့ အရိုးက ထောင်နေတယ်လေ၊ ထောင်နေတဲ့အရိုးပေါ်ကို မက်မုံသီးက ကျတော့ အဖျားကို မပြီး ဆောင့်လိုက်သလို ဖြစ်သွားတယ်။ ထင်ဝူကျိရိုက်ဖို့ ရှေ့က ပြေးလာတဲ့ ကျောက်ယီက သူ့အရှိန်နဲ့သူ ဆောင့်လိုက်သလို ဖြစ်သွားတယ်။ အရိုးက နောက်က သစ်မြစ်နဲ့ခံပြီး ကိုယ့်ဗိုက်ကိုယ်ဓားနဲ့ စောင့်ထိုးသလို ဖြစ်သွားတာပဲ ဖေဖေ”

ကျောက်ထုံက နီးကပ်သော တောင်ထိပ်ပေါ်မှ မြင်တတ်ရသည့်အတိုင်း ပြည့်ပြည့်စုံစုံ ပြောလိုက်လေသည်။

“ဒါဆို မင်းက ဒီအကောင်လေးကို ပြေးပြီး ရိုက်သတ်လိုက်ပါလား ကျောက်ထုံရာ”

သားသမီးကို ချစ်သည့်ဖောဖြင့် ကျောက်ထန်းရှန်က ပြောလိုက်သည်။

“ကျွန်တော်က ပန်းသီးတောင်ပေါ်မှာလေ။ တောင်ကြားက ဆင်းလာတော့ ဒီကောင်လေး မရှိတော့ဘူး ဖေဖေ”

"ဒါဆို ဒီကောင် ချင်တောက်ဟူရဲ့တဲကို ပြန်သွားတာ ဖြစ်မယ်။ ကျောက်ထုံနဲ့ပ ကျောက်ချင်းမိန် ဒီကောင်လေးကို သွားပြီး ရိုက်သတ်လိုက်ကြတော့။ မြွေပွေးဟာ ငယ်တုန်းမှာ သတ်တာ အကောင်းဆုံးပဲ"

ကျောက်ထန်းရှန်က တစ်ချက်လွှတ် အမိန့်ချမှတ်လိုက်သည်။ ကျောက်ထုံနှင့် ကျောက်ချင်းမိန်တို့သည် သူ့ညီအတွက် ထင်ဝူကျိုကို လက်စားချေရန် ချင်တောက်ဟူ၏ တဲကလေးရှိရာသို့ ပြေးထွက်လာခဲ့ကြလေသည်။

ချင်တောက်ဟူ၏ တဲမှာ မီးခိုးတလူလူ ထွက်နေလေသည်။ မက်မုံခင်းရှိသော တောင်၏ တောင်ခြေတွင် ဆောက်ထားသော တဲကလေးဖြစ်၍ အဝေးမှ လှမ်းမြင်နေရသည်။

"အစ်ကိုကြီး ကျွန်တော်ကတော့ ချင်တောက်ဟူတို့ သားအဖကိုပါ ရိုက်သတ်လိုက်ရမှ စိတ်ကျေနပ်မယ်"

"ဟာ..ညီလေးကလည်း ချင်တောက်ဟူနဲ့ ယုမုံမှာ ဘာအပြစ်မှ မရှိပါဘူး"

"ဘာလို့မရှိရမှာလဲ။ ထင်ဝူကျိုကို သူတို့ လက်ခံထားတာဟာ အပြစ်ပဲ"

သူတို့ညီအစ်ကိုနှစ်ယောက် ချင်တောက်ဟူ၏ တဲသို့ ရောက်သောအခါ လူတစ်ယောက်မျှ မရှိတော့ပေ။ ချင်တောက်ဟူတို့ သားအဖမှာ သူတို့ပစ္စည်းဟောင်းများကို မီးရှို့၍ ထွက်ခွာသွားကြပြီ ဖြစ်သည်။

*

တောင်ကုန်းသုံးလေးခုကို ကျော်လွန်လာသောအခါတွင် အထုပ်တစ်ထုပ်ကို လွယ်လာရသော ယုမုံမှာ ပင်ပန်းနွမ်းနယ်နေပြီဖြစ်လေသည်။

"သမီးတို့ ဘယ်အထိ သွားရမှာလဲ ဖေဖေ"

ချင်တောက်ဟူကို ယုမုံက ချွေးများသုတ်ရင်း မေးလိုက်သည်။

“နှင်းခါးတောင်အထိ သွားရမှာပဲ သမီး၊ အဲဒီ မှာ ဖေဖေ့ရဲ့ အစ်ကိုကြီး ရှိတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်က ဖေဖေနဲ့အစ်ကိုကြီးဟာ သဘောထားကွဲလွဲခဲ့ကြပြီးတော့ ထွက်လာခဲ့တာ။ သမီးကို ဖေဖေ ဒီအကြောင်းတွေ ဘာမှမပြောခဲ့သေးဘူးနော်”

“ဟုတ်ပါတယ်..ဖေဖေဟာ ဘာမှ အမျိုးအနွယ်မရှိတဲ့ လူတစ်ယောက်ပါ။ သစ်သီးခြံပိုင်ရှင် ကျောက်ထန်းရှန်ဆီမှာ ဆင်းဆင်းရဲရဲ အလုပ်လုပ်နေတဲ့ အလုပ်သမားတစ်ယောက်လို နေခဲ့တာပဲ၊ သမီးသိတယ်”

“အေး..သမီး သိချင်ရင် ဖေဖေ ပြောပြရမှာပေါ့ အခုတော့ ပြောပြဖို့လည်း အချိန်တန်ပြီလေ၊ ဖေဖေဟာ ဆယ်နှစ်ကျော်လောက်က နှင်းခါးတောင်သိုင်းဝိဇ္ဇာ ချင်တုဟူကို ပေးထားတဲ့ ကတိအတိုင်းနေခဲ့တာပဲ”

“ဘာဖြစ်လို့လဲ ဖေဖေ၊ ဘာကတိတွေ ပေးထားခဲ့လို့လဲ”

“ကဲ..သမီးလည်း တောင်တွေကို ကျော်လာရလို့ မောနေပြီ။ ရှေ့က သစ်ပင်ရိပ်မှာ ခဏနားကြတာပေါ့။ ဒီတော့မှ သမီးဘကြီးရဲ့ အကြောင်းနဲ့ ဖေဖေ ငယ်ငယ်ကဘဝကို ပြောပြမယ်နော်”

“သမီးတော့ သိပ်သိချင်တာပဲ ဖေဖေ၊ ပြီးတော့ မေမေကဟာ သမီး ငယ်ငယ်ကတည်းက မတွေ့မမြင်ခဲ့ရသေးဘူး သမီးမေမေရဲ့အကြောင်းကို မေးတိုင်း ဖေဖေက သမီးကို ဆူခဲ့ရိုက်ခဲ့တာ ချည်းပဲ”

ချည်တောက်ဟူမှာ နဖူးမှ ချွေးများကို သုတ်ရင်း သူ လွယ်လာသော အထုပ်ကြီးကို သစ်ပင်အောက်တွင် ချလိုက်သည်။ ပြီးနောက် ထိုအထုပ်ကို မှီကာ ထိုင်လိုက်လေသည်။

“တကယ်တော့ ဖေဖေဟာ နှင်းခါးတောင်ကို ဘယ်တော့မှ ပြန်မသွားတော့ဘူးလို့ ဆုံးဖြတ်ထားခဲ့တာပါ။ ဒါပေမယ့် သမီး လောကမှာ ဆွေမရှိ မျိုးမရှိနဲ့ မျက်နှာငယ်ရမှာစိုးလို့ အဲဒီ ကို ပြန်သွားခဲ့ရတာ ပဲ သမီး၊ သစ်သီးခြံထဲမှာလဲ

ဖေဖေတို့ ဆက်နေလို့မရအောင် ဖန်းတီးခဲ့တဲ့အခြေ အနေကြောင့်လည်း ဒီလို ဆုံးဖြတ်ခဲ့ရတာ ပဲ”

ချင်တောက်ဟူက ခပ်ဝေးဝေးမှ မြူနှင်းများ ဖုံးလွှမ်းနေသော တောင်ကို ငေးကြည့်ရင်း တစ်လုံးချင်း ပြောကြားလိုက်သည်။

“နှင်းခါးတောင်မှာ ဖေဖေ ငယ်ငယ်ကတည်းက နေခဲ့တာလား”

“ဆိုပါတော့..ဖေဖေတို့မှာလည်း ကျောက်ထုံတို့လိုပဲ ညီအစ်ကိုသုံးယောက် ရှိခဲ့တယ်။ ဖေဖေရဲ့ အဘိုးလက်ထက်က အကြီးဆုံးမိသားစုဖြစ်တဲ့ ကျူကျန်ရှင်းသိုင်းပညာကို အမွေဆက်ခံခဲ့ကြရတယ်”

“ဒါဆို ဖေဖေ သိုင်းပညာတတ်တာပေါ့နော်”

“တတ်တာပေါ့ သမီးရယ်”

“ဒါဖြင့် သမီးနဲ့ ထင်ဝူကျိုကို ဘာလို့ သိုင်းပညာ မသင်ပေးခဲ့တာလဲ ဖေဖေ”

“ဖေဖေက အကြောင်းရှိတဲ့ လူတစ်ယောက်ဖြစ်တဲ့ အတွက် သိုင်းပညာကိုရော နှင်းခါးတောင်ကိုပါ စွန့်ပြီး ၁၀ နှစ်နေရမယ်လို့ အစ်ကိုကြီးက ဆုံးဖြတ်ခဲ့တယ်၊ ဒီလိုဆုံးဖြတ်ချက် ချပြီး နေခဲ့တာ၊ အခုတော့ ပြည့်သွားပြီလေ”

“ဖေဖေဟာ အပြစ်ရှိတယ်ဟုတ်လား၊ ဘာအပြစ်လဲ ဖေဖေ”

“ဖေဖေရဲ့အပြစ်ဟာ မိသားစုစည်းကမ်းကို ဖောက်ဖျက်တဲ့ အပြစ်ပေါ့”

“မိသားစုစည်းကမ်း..ဟုတ်လား ဖေဖေ။ဘယ်လို စည်းကမ်းမျိုးလဲဟင်”

ယုမုံက ငယ်ရွယ်သူပီပီ သိချင်စိတ်ကို မျိုသိပ်မထားနိုင်ဘဲ ဖခင်စကား မဆုံးမိ ဖြတ်၍ မေးနေသည်။

“သမီး သိပ်စိတ်ဝင်စားနေပြီ ထင်တယ်၊ သစ်သီးခြံထဲက ထွက်ခဲ့ရတာ

ကို သမီး စိတ်မညစ်ဘူးလား ဟင်”

“မညစ်ပါဘူး ဖေဖေ၊ ခရီးသွားရတာ ပင်ပန်းပေမယ့် ဖေဖေ့ရဲ့ဘဝအကြောင်းကို ပြောပြတော့ သမီး ပျော်လာတယ်”

“ဒါဆို ဖေဖေ ပြောပြမယ်နော်”

ချင်တောက်ဟူသည် သူ့ဘဝ၏ နောက်ကြောင်းကို ပြောပြလေတော့သည်။

*